# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ
**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂၂/၂၀၁၀)**

**၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်**

**(၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၈ ရက်)**

**[ ပြင်ဆင် : 30.08.2022 ]**

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းရပ်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများကို ချောမွေ့စွာဆောင်ရွက်နိုင်ရန်လည်းကောင်း၊ လွှတ်တော်အသီးသီးပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာဥပဒေများကိုပြဋ္ဌာန်းရန် လိုအပ်လာပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်းကောင်း သတ်မှတ်နိုင်ရန် အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ကိုဆိုသည်။

(ခ) **လွှတ်တော်** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ကို ဆိုသည်။

(ဂ) **ပြည်ထောင်စုအဆင့်အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စု

Myanmar Law Information System (MLIS)

ရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့်ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့ ကိုလည်းကောင်း ဆိုသည်။

(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့တို့ကို ဆိုသည်။

(င) **မူလမှု** ဆိုသည်မှာ သက်ဆိုင်ရာတရားရုံးက မူလစီရင်ပိုင်ခွင့်အာဏာအရ ပထမဦးစွာ စစ်ဆေးစီရင် သောအမှုကို ဆိုသည်။

(စ) **အယူခံမှု** ဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သည့် စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို အယူခံမှုစီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ ဥပဒေနှင့်အညီ အယူခံသည့်အမှုကို ဆိုသည်။

(ဆ) **ပြင်ဆင်မှု** ဆိုသည်မှာ တရားရုံးတစ်ရုံးက ချမှတ်သည့်စီရင်ချက် သို့မဟုတ် အမိန့်ကို ပြင်ဆင်မှုစီရင်ပိုင်ခွင့်ရှိသော တရားရုံးက ဥပဒေနှင့်အညီ ပြန်လည်စိစစ်ရန် ဖွင့်လှစ်သည့်အမှုကို ဆိုသည်။

(ဇ) **အထူးအယူခံမှု** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလမှု စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ အပြီးသတ် ချမှတ်သောစီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အထူးအယူခံဝင်ခွင့်ပြုသောအမှုကို ဆိုသည်။

(ဈ) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဥပဒေရေးရာဝန်ကြီးဌာနကို ဆိုသည်။

(ည) ပြည်ထောင်စုရှေ့နေချုပ် ဆိုသည်မှာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ကို ဆိုသည်။

(ဋ) ဒုတိယရှေ့နေချုပ် ဆိုသည်မှာ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်ကို ဆိုသည်။

<ပြင်ဆင် 30.08.2022>

## အခန်း(၂)

## ဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်ဖွဲ့စည်းခြင်း

<ပြင်ဆင် 30.08.2022>

၃။ ဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းသည်-

(က) ဝန်ကြီးဌာန၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံးများနှင့် ယင်းတို့၏ ကြီးကြပ်မှုအောက်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း-

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုမရှိလျှင်-

(ကက) ခရိုင်ဥပဒေရုံးများ၊



Myanmar Law Information System (MLIS)

(ခခ) မြို့နယ်ဥပဒေရုံးများ။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရှိလျှင်-

(ကက) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၌

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥပဒေရုံး၊

- ခရိုင်ဥပဒေရုံးများ၊

- မြို့နယ်ဥပဒေရုံးများ။

(ခခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌

- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံး၊

- မြို့နယ်ဥပဒေရုံးများ။

(ဂဂ) ကျန်ဒေသများ၌

- ခရိုင်ဥပဒေရုံးများ၊

- မြို့နယ်ဥပဒေရုံးများ။

(ဂ) ပြည်ထောင်စုနယ်မြေ၌-

(၁) ခရိုင်ဥပဒေရုံးများ၊

(၂) မြို့နယ်ဥပဒေရုံးများ။

(ဃ) ဥပဒေအရ တည်ထောင်ထားသော အခြားဥပဒေရုံးများ။

<ပြင်ဆင် 30.08.2022>

## အခန်း (၃)

## ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း

၄။ ပြည်ထောင်စု၏ရှေ့နေချုပ်ကို ပြည်ထောင်စုရှေ့နေချုပ်ဟု ခေါ်ဝေါ်ရမည်။

၅။ ဥပဒေအကြံဉာဏ်များ ရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာတာဝန်များပေးအပ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၇၊ ပုဒ်မခွဲ (က) နှင့် ဤဥပဒေပုဒ်မ ၁၀ တို့ပါ အရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးဦးအား နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၆။ ပြည်ထောင်စုရှေ့နေချုပ်အား အထောက်အကူပြုရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၉၊ ပုဒ်မခွဲ (က) နှင့် ဤဥပဒေ ပုဒ်မ ၁၁ တို့ပါ အရည်အချင်းများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးဦးအား နိုင်ငံတော်သမ္မတက မိမိသဘောဆန္ဒအလျောက် ဒုတိယရှေ့နေချုပ် အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၇။ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တစ်ဦးဦးသည်-

Myanmar Law Information System (MLIS)

(က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်သော်လည်းကောင်းဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၇၊ ပုဒ်မခွဲ (စ)၊ (ဆ)၊ (ဇ) နှင့် ပုဒ်မ ၂၃၉၊ ပုဒ်မခွဲ (ဂ) တို့ပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ်ခံခဲ့သူဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်အပ် တာဝန်ပေးခြင်းခံခဲ့ရသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိ သည်။

၈။ ပြည်ထောင်စုရှေ့နေချုပ်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဖြစ်သည်။

(ခ) နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်။

၉။ ဒုတိယရှေ့နေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအားလည်းကောင်း တာဝန်ခံရမည်။

**အရည်အချင်းများ**

၁၀။ ပြည်ထောင်စုရှေ့နေချုပ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အသက် ၄၅ နှစ်ပြည့်ပြီးသူ၊

(ခ) အသက်ကန့်သတ်ချက်မှအပ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ တွင်ဖော်ပြထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ၊

(ဃ) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ၄နှစ် ဆောင်ရွက်ခဲ့သူ

သို့မဟုတ်

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ခဲ့သူ

သို့မဟုတ်

(၃) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ

သို့မဟုတ်

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။

Myanmar Law Information System (MLIS)

(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

၁၁။ ဒုတိယရှေ့နေချုပ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အသက် ၄၀ နှစ်ပြည့်ပြီးသူ၊

(ခ) အသက်ကန့်သတ်ချက်မှအပ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ တွင် ဖော်ပြထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ၊

(ဃ) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူ

သို့မဟုတ်

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ခဲ့သူ

သို့မဟုတ်

(၃) တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သူ

သို့မဟုတ်

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။

(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

**ပြည်ထောင်စုရှေ့နေချုပ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၂။ ပြည်ထောင်စုရှေ့နေချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ဝင်၏ တာဝန်များကို ထမ်းဆောင်ခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်ဖြစ်စေ ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ထူးခြားသော အခြေအနေကိုအခါအားလျော်စွာ တင်ပြခြင်း၊

(ဂ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကဖြစ်စေ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် နေပြည်တော် ကောင်စီကဖြစ်စေ ဥပဒေအကြံဉာဏ်တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဃ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်ရှိသော မူလမှု၊ အယူခံမှု၊ ပြင်ဆင်မှုနှင့် အထူးအယူခံမှုများတွင် နိုင်ငံတော်နှင့်သက်ဆိုင်သော အမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဘက်မှ လိုက်ပါဆောင် ရွက်ခြင်း၊

(င) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများတွင် နိုင်ငံတော် ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(စ) ပြစ်မှုဆိုင်ရာအမှုများကို တရားရုံးသို့ ဥပဒေနှင့်အညီ တရားစွဲဆိုတင်ပို့ခြင်း၊

(ဆ) ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

Myanmar Law Information System (MLIS)

(ဇ) နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမူလမှု၊ တရားမအယူခံမှု၊ တရားမပြင်ဆင်မှုနှင့် တရားမအထူးအယူခံမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဈ) ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုတင်ပို့ခြင်းမပြုမီ သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းက ဥပဒေအကြံဉာဏ် တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ည) နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုများတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဥပဒေအကြံဉာဏ်တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဋ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကနဦးရေးဆွဲပေးပို့သည့် ဥပဒေမူကြမ်းများအပေါ် အကြံပြုချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ စိစစ်အကြံပြုခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြင်ဆင်ခြင်း၊

(ဌ) နိုင်ငံသားများ၏ ဥပဒေကြောင်းဆိုင်ရာ တင်ပြစာများအပေါ်စိစစ်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ လိုအပ်ပါက အကြံပြုခြင်း၊

(ဍ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအကြား ဖြစ်ပွားသော အငြင်းပွားမှုနှင့် သက်ဆိုင်ခြင်းမရှိသည့် စီးပွားရေးစာချုပ်စာတမ်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေရေးရာဆွေးနွေးမှု ပြုခြင်း၊

(ဎ) တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အထွေထွေဥပဒေအကြံဉာဏ်ပေးခြင်းများကို သက်ဆိုင်ရာ ဥပဒေရုံးက သတ်မှတ်ချက်များနှင့်အညီ အချိန်မီပေးပို့တင်ပြစေရေး၊ ဥပဒေနှင့်အညီ ပြင်ဆင်စေရေးအတွက် ဥပဒေရုံး အဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(ဏ) အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ဥပဒေရုံးအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊

(တ) ဥပဒေရေးရာအသိပညာပြန့်ပွားရေးဆောင်ရွက်ခြင်းနှင့် ဥပဒေဆိုင်ရာသုတေသနပြုခြင်း၊

(ထ) ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည်တိုးတက်စေရန် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် အသုံးချမှုကို စနစ်တကျ ဆောင်ရွက်စေရေးအတွက် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဒ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တစ်ခုခုက ချမှတ်သော စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့်သက်ဆိုင်သောအမှုများတွင် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရန် လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လိုအပ်သလို အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတင်သွင်းခြင်း၊

(ဓ) ဥပဒေများကို ဘာသာပြန်ဆိုခြင်း၊

(န) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအား ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ပ) နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်မှတ်တမ်းများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ၊ အခြားစာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ အား ဥပဒေအကြံဉာဏ်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဖ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တစ်ဦးဦးက ဥပဒေပြဿနာနှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ် တောင်းခံလျှင် ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဗ) ဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအား လမ်းညွှန်ခြင်းနှင့်ကြီး ကြပ်ကွပ်ကဲခြင်း၊

(ဘ) ဝန်ကြီးဌာနနှင့်စပ်လျဉ်းသည့်ဥပဒေကြမ်းများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခြင်း၊

(မ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရဖြစ်စေ၊ တည်ဆဲဥပဒေနှင့် နည်းဥပဒေများအရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များအရဖြစ်စေ သတ်မှတ်ထားသော အခြား တာဝန်များကိုထမ်းဆောင်ခြင်း၊

(ယ) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

<ပြင်ဆင် 30.08.2022>

၁၃။ ပြည်ထောင်စုရှေ့နေချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒုတိယရှေ့နေချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ခ) တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် အမှုတစ်ရပ်လုံးကိုဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ ရုပ်သိမ်းရန် လိုအပ်ပါက ဥပဒေနှင့်အညီဆောင်ရွက်ခြင်း၊

(ဂ) တရားစွဲဆိုတင်ပို့ခြင်း မပြုနိုင်သော ပြစ်မှုဆိုင်ရာအမှုများနှင့် စပ်လျဉ်း၍ ပိတ်သိမ်းရန် ဆုံးဖြတ် ခြင်း၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တစ်ခုခုက ပြစ်မှုဆိုင်ရာအမှုတွင် အပြီးအပြတ်လွှတ်သည့် အမိန့်ကို အယူခံဝင်ရောက်သင့်သည်ဟု ယူဆပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဥပဒေနှင့်အညီ အယူခံမှု တင်သွင်းခြင်း၊

(င) ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ကြည့်ရှုစိစစ်ရန် လိုအပ်ပါက သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများထံမှ လိုအပ်သည့်အမိန့်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ ဆောင်ရွက်ချက်များ၊ အမှုတွဲများနှင့် အခြားစာရွက်စာတမ်း များကို တောင်းယူခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အား လိုအပ်သလို လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဆ) အများပြည်သူဆိုင်ရာ လှူဒါန်းမှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုနိုင်ရန် တရားမကျင့်ထုံးဥပဒေအရ ခွင့် ပြုမိန့်ထုတ်ပေးခြင်း။

(ဇ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဝန်ကြီးဌာန၏ဥပဒေအကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အစီရင်ခံတင်ပြခြင်း၊

(ဈ) ဝန်ကြီးဌာန၏အကြံပြုချက်ရယူပြီး ချုပ်ဆို၍ ပြန်လည်ပေးပို့သည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာစာချုပ်များ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများနှင့် အခြားစာချုပ်စာတမ်း များ၏ မိတ္တူများကိုစိစစ်ပြီး လိုအပ်ပါက ဥပဒေအကြံပြုချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အစီရင်ခံတင်ပြခြင်း။

Myanmar Law Information System (MLIS)

<ပြင်ဆင် 30.08.2022>

၁၄။ ပြည်ထောင်စုရှေ့နေချုပ်သည် ပုဒ်မ ၁၂ နှင့် ၁၃ တို့အရ မိမိအားအပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

**ဒုတိယရှေ့နေချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၅။ ဒုတိယရှေ့နေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်က ပေးအပ်သည့်တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက် ရမည်။

**ရာထူးသက်တမ်း**

၁၆။ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်း အတိုင်းဖြစ်သည်။

**ရာထူးမှနုတ်ထွက်ခြင်း**

၁၇။ (က) ပြည်ထောင်စုရှေ့နေချုပ်သည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒ အလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံစာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက် နိုင်သည်။

(ခ) ဒုတိယရှေ့နေချုပ်သည် ပုဒ်မခွဲ (က) ပါအတိုင်း ရာထူးမှ နုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း ပြည်ထောင်စု ရှေ့နေချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

**တာဝန်မှရပ်စဲခြင်း**

၁၈။ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ မထမ်းဆောင် နိုင်ပါက ယင်းအား ရာထူးမှ နုတ်ထွက်ရန်နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်သည်။ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲခြင်းခံရမည်။

**လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၁၉။ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်သည် ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲ ခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ယင်းပုဂ္ဂိုလ်၏ ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ် ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရှေ့နေချုပ်အသစ် သို့မဟုတ် ဒုတိယရှေ့နေချုပ်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။

**စွပ်စွဲပြစ်တင်ခြင်း**

Myanmar Law Information System (MLIS)

၂၀။ ပြည်ထောင်စုရှေ့နေချုပ်အား စွပ်စွဲပြစ်တင်လိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း(၄)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်း

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ရှေ့နေချုပ်ကို တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ဟု ခေါ်ဝေါ်ရမည်။

၂၂။ ဥပဒေအကြံဉာဏ်များရယူနိုင်ရန်နှင့် ဥပဒေဆိုင်ရာ တာဝန်များပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲမှဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (က) နှင့် ဤဥပဒေပုဒ်မ ၂၅ တို့ပါ အရည်အချင်းများနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးဦးအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့်တင်ပြသည့်အခါ နိုင်ငံတော်သမ္မတသည် ယင်းပုဂ္ဂိုလ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်-

(က) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်။

(ခ) နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဖြစ်သည်။

(ခ) ပြည်ထောင်စုရှေ့နေချုပ်အားလည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း တာဝန်ခံရမည်။

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား တာ ဝန်ခံရမည်။

**အရည်အချင်းများ**

၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အသက် ၄၀ နှစ်ပြည့်ပြီးသူ၊

(ခ) အသက်ကန့်သတ်ချက်မှအပ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့်ပြည့်စုံသူ၊



Myanmar Law Information System (MLIS)

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိစေသော ပြဋ္ဌာန်းချက်များနှင့်လည်း ငြိစွန်းခြင်းမရှိသူ၊

(ဃ) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ငါးနှစ်တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ခရိုင်အဆင့်ထက်မနိမ့်သော တရားရေးအရာရှိ သို့မဟုတ် ဥပဒေအရာရှိရာထူးတွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်း ဆောင်ခဲ့သူ

သို့မဟုတ်

(၂) တရားလွှတ်တော်ရှေ့နေဖြစ်လျှင် အနည်းဆုံး ၁၅ နှစ်အမှုလိုက်ပါဆောင်ရွက်ခဲ့သူ။

(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ။

**တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်၏ တာဝန်များကိုထမ်းဆောင် ခြင်း၊

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ထူးခြားသောအခြေအနေကို အခါအားလျော်စွာ တင်ပြခြင်း၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ခုခု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာန တစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဦးစီးအဖွဲ့ကဖြစ်စေ ဥပဒေအကြံဉာဏ်တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က စီရင်ပိုင်ခွင့်ရှိသော မူလမှု၊ အယူခံမှုနှင့် ပြင်ဆင်မှုများတွင် နိုင်ငံတော်နှင့်သက်ဆိုင်သော အမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(င) ပြစ်မှုဆိုင်ရာအမှုများကို တရားရုံးသို့ ဥပဒေနှင့်အညီ တရားစွဲဆိုတင်ပို့ခြင်း၊

(စ) ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဆ) နိုင်ငံတော်ကတရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သောတရားမမူလမှု၊ တရားမအယူခံမှုနှင့် တရားမပြင်ဆင်မှု များတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဇ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များ နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့်သက်ဆိုင်သော အမှုများတွင် အယူခံမှု သို့မဟုတ် ပြင်ဆင်မှု တင်သွင်းရန်လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရန် ပြည်ထောင်စုရှေ့နေချုပ်ထံ တင်ပြခြင်း၊

(ဈ) ဥပဒေပြဿနာများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ပြည်ထောင်စုရှေ့နေချုပ်ထံ ဥပဒေအကြံဉာဏ် တင် ပြတောင်းခံခြင်း၊

(ည) မိမိအားအပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ပြည်ထောင်စုရှေ့နေချုပ်၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခြင်း၊

Myanmar Law Information System (MLIS)

(ဠ) ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ကိစ္စရပ်များအတွက် သက်ဆိုင်ရာလွှတ်တော်ရှိ ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဖွဲ့စည်းထားသော ကော်မတီနှင့်အဖွဲ့များက အကြံဉာဏ်များတောင်းခံပါက လိုအပ်သောဥပဒေအကြံဉာဏ်များပေးခြင်း၊

(ဋ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်အား ကြီးကြပ်ကွပ် ကဲခြင်း၊

(ဌ) ပြည်ထောင်စုရှေ့နေချုပ်ကဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကဖြစ်စေ ဥပဒေနှင့် အညီ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဎ) ဥပဒေရေးရာအသိပညာပြန့်ပွားရေးဆောင်ရွက်ခြင်းနှင့် ဥပဒေဆိုင်ရာသုတေသနပြုခြင်း၊

(ဏ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

<ပြင်ဆင် 30.08.2022>

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် အမှုတစ်ရပ်လုံးကိုဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ ရုပ်သိမ်းရန်လိုအပ်ပါက ဥပဒေနှင့်အညီဆောင်ရွက်ခြင်း၊

(ခ) တရားစွဲဆိုတင်ပို့ခြင်းမပြုနိုင်သော ပြစ်မှုဆိုင်ရာ အမှုများနှင့်စပ်လျဉ်း၍ ပိတ်သိမ်းရန် သတ်မှတ်ချက်များနှင့်အညီ ဆုံးဖြတ်ခြင်း၊

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးအဆင့်ဆင့်ကပြစ်မှုဆိုင်ရာအမှုများတွင် အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရောက်သင့်သည်ဟုယူဆပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်သို့ ဥပဒေနှင့်အညီ အယူခံမှုတင်သွင်းခြင်း၊

(ဃ) ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ကြည့်ရှုစိစစ်ရန်လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများထံမှ လိုအပ်သည့်အမိန့်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ ဆောင်ရွက်ချက်များ၊ အမှုတွဲများနှင့် အခြားစာရွက်စာတမ်းများကို တောင်းယူခြင်း။

၂၈။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် ပုဒ်မ ၂၆ နှင့် ၂၇ တို့အရ မိမိအား အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

### ရာထူးသက်တမ်း

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်၏ ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်း အတိုင်းဖြစ်သည်။

### ရာထူးမှ နုတ်ထွက်ခြင်း

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း သက်ဆိုင်ရာ ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

Myanmar Law Information System (MLIS)

**တာဝန်မှရပ်စဲခြင်း**

၃၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တစ်ဦးဦးသည် ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ပါက ယင်းအား ရာထူးမှ နုတ်ထွက်ရန် နိုင်ငံတော်သမ္မတက ညွှန်ကြားနိုင်သည်။ နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲခြင်းခံရမည်။

**လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၃၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် ရာထူးမှနုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ယင်းပုဂ္ဂိုလ်၏ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ပုဂ္ဂိုလ်၏ရာထူးသက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ကျန်ရှိသည့် ရာထူးသက်တမ်းအတွက်သာ ဖြစ်စေရမည်။

**စွပ်စွဲပြစ်တင်ခြင်း**

၃၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တစ်ဦးဦးအား စွပ်စွဲပြစ်တင်လိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၅)**

**ဥပဒေအရာရှိများ၏လုပ်ငန်းတာဝန်များ**

**ဝန်ကြီးဌာနရှိ ဥပဒေအရာရှိများ**

<ပြင်ဆင် 30.08.2022>

၃၄။ ဝန်ကြီးဌာနရှိ ဥပဒေအရာရှိများသည် ပြည်ထောင်စုရှေ့နေချုပ်က လွှဲအပ်ပေးသည့်လုပ်ငန်းတာဝန်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

<ပြင်ဆင် 30.08.2022>

၃၅။ ဝန်ကြီးဌာနရှိ ဥပဒေအရာရှိများသည် ဥပဒေစာအုပ်များ၊ ဥပဒေလက်စွဲများ ပြုစုခြင်းနှင့် ထုတ်ဝေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

<ပြင်ဆင် 30.08.2022>

**ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ**

၃၆။ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ဥပဒေအကြံဉာဏ်တောင်းခံလာပါက ဥပဒေအကြံဉာဏ် ပေးခြင်း၊

(ခ) ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေနှင့်အညီဖြစ်စေရန် စိစစ်ခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်း၊

Myanmar Law Information System (MLIS)

(ဂ) ပြစ်မှုဆိုင်ရာအမှုများကို တရားရုံးများသို့ ဥပဒေနှင့်အညီ တရားစွဲဆိုတင်ပို့ခြင်း၊

(ဃ) ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမူလမှု၊ တရားမအယူခံမှု၊ တရားမပြင်ဆင်မှုနှင့် တရားမအထူးအယူခံမှုများနှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(စ) ဥပဒေရုံး၏ ဥပဒေအကြံဉာဏ်ပေးချက်နှင့်အညီ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်တင်ပြခြင်း၊

(ဆ) တရားစွဲအဖွဲ့အစည်းက ချုပ်မိန့်တောင်းခံသည့်အခါ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဇ) တရားစွဲအဖွဲ့အစည်းက သက်ဆိုင်ရာ တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ အမှုကို ခိုင်မာစွာ တည်ဆောက်နိုင်ရေး အတွက် စိစစ်ခြင်း၊

(ဈ) တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် အမှုတစ်ရပ်လုံးကိုဖြစ်စေ၊ စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ ရုပ်သိမ်းရေးအတွက် ဆောင်ရွက်ရန် သင့် မသင့် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ည) တရားစွဲဆို တင်ပို့ခြင်းမပြုနိုင်သော ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ် ချက်များနှင့်အညီ စိစစ်ခြင်းနှင့်ဆုံးဖြတ်ခြင်း၊

(ဋ) ပြစ်မှုဆိုင်ရာအမှုများတွင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော တရားခံ တစ်ဦးဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ အစိုးရသက်သေပြုလုပ်၍ တရားစွဲဆိုခံရခြင်းမှ လွတ်ငြိမ်းခွင့်ပေးရန် ဆုံးဖြတ်ခြင်း၊

(ဌ) သေဒဏ်ထိုက်သင့်သော ပြစ်မှုဆိုင်ရာအမှုကို ကျူးလွန်ကြောင်းစွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် တရားခံအတွက် တရားရုံးတွင် လိုက်ပါဆောင်ရွက်ရန် ရှေ့နေငှားရမ်းပေးခြင်း၊

(ဍ) ဥပဒေအရာရှိလိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာအမှုတွင် တရားလိုဘက်မှ ငှားရမ်းသည့်ရှေ့နေ အားသတ်မှတ်ချက် များနှင့်အညီကြီးကြပ်ခြင်း၊

(ဎ) တရားရုံး၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့် သက်ဆိုင်သော အမှုများတွင် ပြင်ဆင်မှုတင်သွင်းရန် လိုအပ်ပါက သက်ဆိုင်ရာ တရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခြင်း၊

(ဏ) တရားရုံးက ပြစ်မှုဆိုင်ရာအမှုတွင် အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရောက်သင့်သည်ဟု ယူဆပါက သတ်မှတ်ချက်များနှင့်အညီ တင်ပြခြင်း၊

(တ) ပြည်ထောင်စုရှေ့နေချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၆)**

**အထွေထွေ**



Myanmar Law Information System (MLIS)

၃၇။ ဤဥပဒေအာဏာမတည်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဤဥပဒေကို အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်သည့်လုပ်ငန်းရပ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

၃၈။ ၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ်ဥပဒေ (၂၀၀၁ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁) အရ ခန့်ထားသော ရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်များသည် ဤဥပဒေအရ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့ကို ခန့်အပ်တာဝန်ပေးသည့်နေ့အထိ မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်.

၃၉။ ၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ်ဥပဒေ (၂၀၀၁ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဤဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၀။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။ ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခြင်းမပြုလုပ်သရွေ့ ဤဥပဒေသည်အတည်ဖြစ်သည်။

၄၁။ ပြည်ထောင်စုရှေ့နေချုပ်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) လိုအပ်သောနည်းဥပဒေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၂။ ၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ်ဥပဒေ (၂၀၀၁ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)